## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## (၂၀)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
### (၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)
### (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဆုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၃) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်ဦး ခွင့် ၁ ရက်၊

မူကြမ်း

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၁ ရက်နှင့်

(၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်တို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုးဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုးဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင်ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အတွင်းရေးမှူး ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အား ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လစ်လပ်သွားသော အတွင်းရေးမှူးနေရာတွင် ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်အားလည်းကောင်း ပြောင်းလဲအစားထိုးဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဥပဒေကြမ်းကော်မတီမှ လစ်လပ်နေသော အဖွဲ့ဝင်နေရာတွင် ဒေါ်မာမာခိုင်၊ သထုံမဲဆန္ဒနယ်အားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ လစ်လပ်နေသော အဖွဲ့ဝင်နေရာတွင် ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူးမဲဆန္ဒနယ်အားလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီမှ လစ်လပ်နေသော အဖွဲ့ဝင်နေရာတွင် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်အားလည်းကောင်း အစားထိုးဖွဲ့စည်းမှာဖြစ်ပါတယ်။ ထို့အပြင် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှ အဖွဲ့ဝင် ဦးစိုးငြေး၊ ကော့ကရိတ်မဲဆန္ဒနယ်အစား ဦးစောဖစ်တာခလိုက်၊ သံတောင်ကြီးမဲဆန္ဒနယ်အား ပြောင်းလဲထည့်သွင်းဖွဲ့စည်းမှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုးဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များအစားထိုးဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုးဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များအစားထိုးဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မိုင်းရယ်မြို့နေ ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေခြင်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ (၃)နှစ်ခန့် ကြာမြင့်သော်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံခြင်းရှိ/မရှိ မသိရှိရသည့်အပြင် မြေပြင်တွင်လည်း ဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် ပြည်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေမှုကို ပြေလည်စေရန် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော်(ခ)စိုင်းဟပ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မှာ စိုက်ပျိုးရေလိုအပ်ချက်နဲ့ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေမှုကို နိုင်ငံတော်ကနေပြီးတော့ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ရေလှောင်တမံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ လွှတ်တော်မှာ တင်ပြမေးမြန်းခဲ့ပါတယ်။ မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ယခင်ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက လွှတ်တော်သို့ လာရောက်ဖြေကြားရာမှာ ရေလှောင်တမံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ပဏာမကွင်းဆင်းလေ့လာခဲ့ပါကြောင်း၊ လေ့လာမှုအရ မိုင်းရယ်မြို့နယ်အတွင်း မိုင်းရယ်မြို့နှင့် သုံးမိုင်အကွာ နားဝါကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ နမ့်မြိုင်ချောင်းပေါ်

တွင် အမြင့် ၆၀ ပေခန့်ရှိ ရေလှောင်တမံများ တည်ဆောက်နိုင်သည့် အလားအလာများရှိကြောင်း၊ ယခင်က စူးစမ်းလေ့လာထားမှုမရှိကြောင်း ရေလှောင်တမံတည်ဆောက်နိုင်ရန် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်းနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ အသေးစိတ်စူးစမ်းလေ့လာခြင်းများကို ရှမ်းပြည်နယ်အစိုးရနှင့်ပူးပေါင်းပြီးတော့ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စူးစမ်းလေ့လာတိုင်းတာမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေလှောင်တမံတည်ဆောက်ပေးရန် ဖြစ်မြောက်နိုင်စွမ်းရှိပါက ဘဏ္ဍာငွေတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသွားခဲ့ပါတယ်။ အခုအခါ သုံးနှစ်ခန့်လည်း ကြာမြင့်ခဲ့ပါပြီ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း ဘတ်ဂျက်လည်း အတည်ပြုပြီး ဖြစ်သော်လည်း ရေလှောင်တမံတည်ဆောက်နိုင်ရန် ရန်ပုံငွေလျာထားတာတွေလည်း မတွေ့ရသေးပါဘူး။ အစိုးရအဖွဲ့ဟောင်းကနေပြီးတော့ အစိုးရအဖွဲ့အသစ်ထံ တာဝန်လွှဲပြောင်းပြီးချိန်ထိ ကြာမြင့်ခဲ့သော်လည်း မြေပြင်မှာ ဌာနမှဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရသေးတဲ့အတွက်ကြောင့် မဲဆန္ဒနယ်ပြည်သူများကလည်း မေးမြန်းနေလျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မေးမြန်းလိုသည်မှာ မိုင်းရယ်မြို့နေ ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေခြင်းနှင့် စပ်လျဉ်းပြီးတော့ ယခင်ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သုံးနှစ်ခန့်ကြာမြင့်သော်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံခြင်းရှိ/မရှိ မသိရှိရသည့်အပြင် မြေပြင်တွင်လည်း ဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် မဲဆန္ဒနယ်ပြည်သူများရဲ့ စိုက်ပျိုးရေနှင့်သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေမှုကို ပြေလည်စေရန် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို ဦးစွာပထမအနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းဖြစ်တဲ့ မိုင်းရယ်မြို့နယ် နေ ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ယခင် ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ခန့် ကြာမြင့်ပေမယ့် ဘဏ္ဍာငွေတင်ပြတောင်းခံခြင်းရှိ/မရှိ မသိရတဲ့အပြင် မြေပြင်ကွင်းဆင်း ဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းနှင့် ပြည်သူများရဲ့ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲဖြစ်နေမှုကို ပြေလည်စေဖို့ နိုင်ငံတော်အစိုးရရဲ့ဆောင်ရွက်နေမှုကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မိုင်းရယ်မြို့နယ်မှာ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေတဲ့အတွက် နားဝါကျေးရွာအနီးမှာ ရေလှောင်တမံတစ်ခု တည်ဆောက်ပေးဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြမေးမြန်းခဲ့တဲ့အခါမှာ စူးစမ်း လေ့လာမှုများဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ဘဏ္ဍာငွေလိုအပ်ချက်တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းကို ပြန်လည်ဖြေကြားခဲ့တယ်လို့ သိရပါတယ်။ ယခင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ဖြေကြားချက်ပါအတိုင်း စူးစမ်းလေ့လာတဲ့လုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ခဲ့တဲ့ မြေပြင်စူးစမ်းလေ့လာခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ၁၀ လပိုင်းမှာ ဆောင်ရွက်ခဲ့ပြီး ဇလဗေဒဆိုင်ရာစူးစမ်းလေ့လာခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ ၇ လ ပိုင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြေအားမက္ကင်းနစ်ဆိုင်ရာ ဂုဏ်သတ္တိများ စမ်းသပ် ဆောင်ရွက်ခြင်းလုပ်ငန်းကိုတော့ ၂၀၁၄ ခုနှစ် ၁၁ လပိုင်းက ဆောင်ရွက်ခဲ့ပြီး ဘူမိဗေဒဆိုင်ရာစူးစမ်း လေ့လာခြင်းလုပ်ငန်းကိုတော့ ၂၀၁၅ ခုနှစ် ၃ လပိုင်းမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ စူးစမ်းလေ့လာမှုများအရ ရရှိလာတဲ့အချက်အလက်များအရ ရေလှောင်တမံတည်ဆောက်ရန်အတွက်

ဖြစ်မြောက်နိုင်စွမ်းရှိတဲ့အတွက် အသေးစိတ်ဒီဇိုင်းပုံစံရေးဆွဲခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

မိုင်းရယ်မြို့နေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ အခက်အခဲမရှိ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် မြို့အထက်ဘက်မှာ နားဝါရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေလိုအပ်ချက်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေမှ တင်ပြတောင်းခံခဲ့သော်လည်းပဲ လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေအဆင့်ဆင့် စိစစ်လျှော့ချရာမှာ ပါဝင်သွားတဲ့အတွက် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ထိုနည်းလည်းကောင်းပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် နောက်ဆုံးအဆင့် ရန်ပုံငွေ အဆင့်ဆင့် စိစစ်လျှော့ချရာမှာ ထပ်မံပါဝင်သွားတဲ့အတွက် နားဝါရေလှောင်တမံ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် လာမည့်နှစ်များမှာ ကြီးကြပ်ကြပ်မတ်ပြီးရန်ပုံငွေ ဆက်လက်တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အိမ်မဲမြို့နယ် တူးမြောင်းဖြတ်ကူးတံတားစီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့် အိမ်မဲပြည်သူများအတွက် ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေရန် မည်သို့ဆောင်ရွက်ထားရှိကြောင်းကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာပဲဖြစ်ပါတယ်။ တကယ်တော့ ဒီမေးခွန်းကို ဖေဖော်ဝါရီလက မေးခဲ့တဲ့အတွက် ယနေ့အခြေအနေနဲ့ ပြန်လည် ပြင်ဆင်ဖြည့်စွက်ပေးသွားမှာ ဖြစ်ပါတယ်။ အိမ်မဲမြို့နယ် တူးမြောင်းဖြတ်ကူးတံတားစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၂၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၄၇၅ သန်းတို့ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတား

အထူးအဖွဲ့(၁၆)ကို လုပ်ငန်းအပ်နှံလုပ်ကိုင်ခဲ့တာဟာ အခုအချိန်မှာဆိုရင် တံတားဟာ ပြီးလုလုဖြစ်ပါတယ်။ ဒါပေမဲ့ ချဉ်းကပ်လမ်းနှစ်ဖက် မြေပြွန်ခြောက်စင်းနှင့် အိမ်နှင့်မြေယာလျော်ကြေးတို့အတွက် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က ထပ်ပြီးတော့ ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေထပ်တောင်းထားတာဟာ ယခုအချိန်မှာဆိုရင်တော့ ၁၂၈၅.၇၅ သန်း ကျထားပြီးဖြစ်တယ်လို့ သိပါတယ်။ ဒါပေမဲ့ မြေယာနှင့်အိမ်ခြံလျော်ကြေးအတွက်တော့ ငွေမပါဝင်ဘူးလို့ သိရှိရပါတယ်ရှင်။

အခုအချိန်မှာ လက်ရှိအနေအထားအရ တံတားချဉ်းကပ်ခုံဘေး လူတွေနေထိုင်ဆဲဖြစ်တဲ့ အိမ်တွေ ငါးပေခန့်အကွာ ဘေးဘက်ကပ်လျက်တွေမှာလည်း ခြံမြေတွေနဲ့ လူတွေဟာ ယနေ့အထိ လူတွေနေထိုင်ဆဲ ဖြစ်ပါတယ်။ တကယ်လို့ ဒီချဉ်းကပ်ခုံအတွက်ဆောက်လုပ်မယ်ဆိုရင် အန္တရာယ်ရှိနိုင်တဲ့အနေအထား ဖြစ်တဲ့အပြင် အိမ်နှင့်လယ်ယာမြေတွေပါသွားတဲ့ ပြည်သူလူထုကလည်း စိုးရိမ်ပူပန်လျက်ရှိပါတယ်။ ဒါကြောင့် ဒီနှစ်အတွက် အိမ်နှင့် မြေယာလျော်ကြေးတို့အတွက် ထပ်ပြီး ဝန်ကြီးဌာနအနေနဲ့ ပေးနိုင်ခွင့်ရှိ/မရှိ တကယ်လို့ပေးနိုင်မယ်ဆိုရင် ဘယ်နှစ်ဘတ်ဂျက်တွေမှာ ပေးနိုင်မယ်ဆိုတာကိုလည်း မေးချင်ပါတယ်။ နောက်တစ်ခုက ဒီချဉ်းကပ်လမ်းအတွက်ဆိုလို့ရှိရင် မြေဧက ၃၀ ပတ်လည် အနက် ၆ ပေထု မြေကျင်း ၄၂၀၀၀ ကျော်ကျမှာဖြစ်တဲ့အတွက် ဒီမြေဟာလည်း တောင်မြေကိုရှာရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်အင်မတန်မှများပါတယ်။ ဒါကြောင့် ကွန်ကရစ်ချဉ်းကပ်လမ်းဆိုရင် ပိုပြီးတော့ အဆင်ပြေမှာဖြစ်တဲ့အတွက် ခွင့်ပြုနိုင်ခွင့်ရှိ/မရှိမေးခွန်းကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာအောင်သူမှ ဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ အနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနှင့် ကျေးရွာများကို ကွင်းဆင်းပြီး မေးမြန်းစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာပြောလို ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်

တူးမြောင်းဖြတ်တံတားကို မူလက ကျေးလက်တံတားအဆင့်သာ ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်အရ အဆိုပါတူးမြောင်းအတွင်း ၂၂ ပေအမြင့်ရှိတဲ့ သင်္ဘောများနှင့် ကုန်တင်တဲ့ ၃၀ ပေအကျယ် တွန်းသင်္ဘောများသွားလာလျက်ရှိတဲ့အတွက် တူးမြောင်းအကျယ်မှာ ၃၅၀ ပေခန့် ကျယ်ဝန်းသောကြောင့် ကျေးလက်တံတားအစား ပြည်ထောင်စုအဆင့် တံတားအဖြစ် တည်ဆောက်မှသာ သင့်တော်မည်ဖြစ်တဲ့အကြောင်း တင်ပြချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၆)သို့ လုပ်ငန်းအပ်နှံစနစ်ဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းပဲဖြစ်ပါတယ်။

တံတားတည်ဆောက်တဲ့နေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၅)မှ တာဝန်ရှိသူများနှင့် အိမ်မဲမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီများနှင့် ကန်ကြီးထောင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ တံတားတစ်စင်းလုံးရဲ့ စီမံကိန်းတန်ဖိုးငွေကျပ်ပေါင်းကတော့ ၂၉၈၅.၇၅ သန်းဖြစ်ပြီး တံတားတန်ဖိုးငွေကျပ် ၁၈၆၇.၅၀ သန်း၊ ချဉ်းကပ်လမ်းတန်ဖိုးငွေကျပ် ၁၁၁၈.၂၅ သန်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၂၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၄၇၅ သန်း ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံလိုအပ်ငွေကျပ် ၁၂၈၅.၇၅ သန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကနေ တင်ပြတောင်းခံခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ထပ်မံတင်ပြတောင်းခံခဲ့တဲ့အတွက် ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ တံတားချဉ်းကပ်လမ်းရဲ့ စိစစ်ပြီးတန်ဖိုး ငွေကျပ် ၁၁၁၈.၂၅ သန်းဖြစ်ပြီး အဆိုပါ တန်ဖိုး၌ ချဉ်းကပ် လမ်းနှစ်ဖက် ၇၀၀၀ ပေ မြေသားတာဘောင်တင်ခြင်းနှင့် ကတ္တရာခင်းခြင်း၊ Box Culvert ခြောက်စင်း တည်ဆောက်ခြင်းနှင့် မြေယာလျော်ကြေးငွေပေးခြင်းတို့ပါဝင်ပါတယ်။ မြေယာလျော်ကြေးငွေ တွက်ချက်တဲ့နေရာမှာ မြေတစ်ဧကလျှင် ၁၀ သိန်းနှုန်းဖြင့် မြေဧက ၃၂.၁၄ အတွက် ငွေကျပ် ၃၂.၁၄ သန်းအား လျော်ကြေးပေးရန် လျာထားတွက်ချက်ထားပြီးဖြစ်ပါတယ်။

အိမ်မဲတူးမြောင်းတံတားမှာ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပြီး ချဉ်းကပ်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ချဉ်းကပ်လမ်းဆောင်ရွက်ရာမှာ ပါဝင်တဲ့ ကျေးရွာနေပြည်သူများရဲ့ အိမ်ခြံမြေနှင့် လယ်ယာမြေတို့ကို တိုင်းတာတွက်ချက်ရန်အတွက် အိမ်မဲမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး(ဥက္ကဋ္ဌ)အဖြစ်ပါဝင်တဲ့ နစ်နာကြေးပေးရေးအဖွဲ့ကို မြို့နယ်လယ်ယာမြေ

စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနတို့ ပါဝင်ဖွဲ့စည်းပြီး ကျေးရွာနေပြည်သူများ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေမည့် ချဉ်းကပ်လမ်း အူကြောင်းပေါ်မူတည်ပြီး ပါဝင်သည့် မြေယာများရဲ့ လျော်ကြေးငွေကို မေလအတွင်းမှစတင်ပြီး စိစစ်တွက်ချက်ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**လွိုင်လင်မြို့၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု၊ လွိုင်လောင်ရွာသို့ သွားသည့်လမ်းပေါ်ရှိ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတား အမှတ်(၁) အလျား(၄၀)ပေ၊ အနံ(၁၅)ပေ၊ အမြင့်(၁၅)ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်း အသစ်တည်ဆောက်ပေးရန်နှင့် တံတားအမှတ်(၂)အလျား(၃၀)ပေ၊ အနံ(၁၅)ပေ၊ အမြင့်(၁၅)ပေရှိ ကွန်ကရစ်တံတားတစ်စင်းအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်းနှင့် ရွှင်လန်းချမ်းမြေ့ပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ ပတ်ဝန်းကျင်ကျေးရွာအုပ်စု ကျေးရွာများ ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် လာရန် ရည်ရွယ်ပြီးတော့ တိုင်းရင်းသားမိဘပြည်သူများ၊ ရပ်မိရပ်ဖများ၊ အထောက်အကူပြုအဖွဲ့များ ထံသို့ ကျေးရွာအရောက်သွားရောက်တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပွဲမှာ ဒေသအတွက် အမှန်တကယ် လိုအပ်တဲ့ ပင်လုံမြို့အနောက်ဘက်အထွက် ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု၊ လွိုင်လောင်ကျေးရွာသို့ သွားသည့်လမ်းပေါ်မှာရှိတဲ့ နမ့်စီးဟောင်း ရေချောင်းကို ဖြတ်ကျော် တည်ဆောက်ထားတဲ့ သစ်သားတံတားအမှတ်(၁)အလျား ၄၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ

တံတားတစ်စင်းဟာ လွန်ခဲ့တဲ့အချိန်က ရာသီဥတုဒဏ်ကြောင့် ပျက်စီးသွားခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ယာယီတံတားအဖြစ်နဲ့ မော်တော်ဆိုင်ကယ်များသာ သွားလာနိုင်ပြီး မော်တော်ယာဉ်များမှာတော့ နမ့်စီဟောင်းရေချောင်းအတွင်းသို့ အဆင်မပြေခက်ခဲစွာ သွားလာမောင်းနှင်နေရပါတယ်။ ဒေသအတွင်း အမှန်တကယ်လိုအပ်လျက်ရှိတဲ့ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စု နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တဲ့ အလျား ၄၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်းအသစ်တည်ဆောက်ပေးရန် တင်ပြလာပါတယ်။

နံပါတ်(၂)အနေနဲ့တော့ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တဲ့ သစ်သားတံတားအမှတ်(၂)ဟာ ယခုအခါမှာ တံတားကြမ်းခင်းတွေ အောက်ခြေများဆွေးမြေ့ပျက်စီးပြီး တံတားဘေးအကာအရံများမရှိခြင်း၊ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးမည့်အန္တရာယ်ကို တင်ပြလာပါတယ်။ အချိန်မီ တံတားတစ်စင်းအသစ်တည်ဆောက်ပေးရန် လိုအပ်ကြောင်း တင်ပြလာပါတယ်။ အထက်ဖော်ပြပါ နမ့်စီးဟောင်း ရေချောင်းကို ဖြတ်ကျော်တဲ့ သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ပြီးပါက ပန်မုန့်ကျေးရွာအုပ်စု နှင့်ဆဟောင်းကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၅၃ ရွာရှိ တိုင်းရင်းသားမိဘပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမှာဖြစ်တဲ့အတွက် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု၊ လွိုင်လောင်ရွာသို့သွားသည့်လမ်းပေါ်ရှိ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားအမှတ်(၁)နှင့် တံတားအမှတ်(၂)တို့ကို ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကိုသိလိုပါ၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်သီ ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာအောင်သူမှ ဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်သီက ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းသည့် အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်း ကျေးရွာအုပ်စု၊ လွိုင်လောင်ရွာသွားလမ်းပေါ်မှာရှိတဲ့ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည် ဆောက်ထားတဲ့ ပျက်စီးနေတဲ့ သစ်သားတံတားအမှတ်(၁) ၁၅ ပေ x ၁၄ ပေ x ၁၅ ပေ ကို သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ပါက ငွေကျပ် ၁၂.၀၀ သန်း၊ သစ်သားတံတားအမှတ်(၂) ကို ၂၅ ပေx ၂၀ ပေ ကွန်ကရစ် ရေကျော်တည်ဆောက်ပါက ငွေကျပ် ၅.၀၀ သန်း စုစုပေါင်းငွေကျပ် ၁၇.၀၀ သန်းခန့် ကုန်ကျမှာဖြစ်ပါ တယ်။ အဆိုပါ ကွန်ကရစ်တံတားဟာ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၄၅၅ အိမ်ရှိတဲ့ လူဦးရေစုစုပေါင်း ၂၇၁၁ ဦးတို့ကို အကျိုးပြုမယ်လို့ သိရှိရပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၈၂၀.၂၈၁ သန်းဖြင့် ကတ္တရာလမ်း ၁၀ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၆၄ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅၄ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတား ၈၄၄ ပေ၊ သစ်သားတံတား ၈၁၀ ပေနှင့် ရေပြွန် ၂၀၀ ပေတို့ကို လျာထားဆောင်ရွက် ဖို့ရှိပါတယ်။

လွိုင်လင်မြို့နယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်ဟာ ၁၂၉.၉၃၀ သန်း ဖြစ်ပါ တယ်။ ကျောက်ချောလမ်း ၁ မိုင်၊ မြေသားလမ်း ၁ မိုင် ၄ဖာလုံ၊ ကွန်ကရစ်တံတား ၃၁ ပေတို့ကို လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလာတဲ့ လွိုင်လောင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု၊ လွိုင်လောင်ရွာသွား လမ်းပေါ်ရှိ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတား အသစ်တစ်စင်းနှင့် ကွန်ကရစ်ရေကျော်တစ်စင်းတို့အတွက် ကုန်ကျငွေကျပ် ၁၇.၀၀ သ န်းကို ယခင် လျာထားချက်မှာမပါဝင်သော်လည်းဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေအားဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြား ခြင်းအစီအစဉ်ပြီးပါပြီ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖိတ်ခေါ်ပါတယ်။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်း နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့ ရည်ရွယ်ချက် ကတော့ မူလပြဋ္ဌာန်းတဲ့ဥပဒေ ပြဋ္ဌာန်းချက်ပုဒ်မ ၈၉ ကို ပြင်ဆင်ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ အထွေထွေ ရွေးကော်ပွဲကျင်းပပြီးတော့ ပုံမှန်သက်တမ်းကာလမှာ ကျွန်တော်တို့ ကော်မရှင်အနေနဲ့က ယခင် တုန်းက ကျန်ရှိနေခဲ့တဲ့ ကျွန်တော်တို့ ကန့်ကွက်လွှာခုံရုံးအမှုတွေကိုလည်းပဲ တော်တော်များများ ဆောင်ရွက်နေရပါတယ်။ အဲဒီကန့်ကွက်လွှာအမှုတွေဟာ သက်သေများကလည်းပဲ အနည်းဆုံး ၃၀ ကနေ ၇၀ အထိ အများဆုံးရှိပါတယ်။ ရှိတော့ကာ ကျွန်တော်တို့ ပထမဆုံး ဒီရွေးကောက်ပွဲလုပ်ဖို့ ကိစ္စမှာ လွှတ်တော်ရဲ့ပထမသက်တမ်းမှာ ဒီကိစ္စတွေ ဆောင်ရွက်နေရပါတယ်။ နောက်တစ်ခါ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုလည်း ကျွန်တော်တို့က ဖွဲ့စည်းရဖို့ ဆောင်ရွက်ရမည့်လုပ်ငန်းများ လည်းရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့နောက်ဆုံး လွှတ်တော်ရဲ့သက်တမ်း ပဉ္စမနှစ်မှာလည်းပဲ အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပရမှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ကျွန်တော်တို့ လုပ်ငန်းတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ

ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်က ဆက်လက်ဆွေးနွေးပြီးတော့ ဆောင်ရွက်ပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း) ၁/၂၀၁၆- ၈၈
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၈.၄.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၃၀)/ ပထစ- ၂၀၁၆

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်ရုံးက ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို အထွေထွေရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်တွင် ယခင်အထွေထွေ ရွေးကောက်ပွဲမှ ကန့်ကွက်လွှာများကို စစ်ဆေးနေရခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းရခြင်းနှင့် ပဉ္စမနှစ်တွင် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၉ ကို ပြင်ဆင် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈.၄.၂၀၁၆ ရက်နေ့နှင့် ၂၉.၄.၂၀၁၆ ရက်နေ့များ၌ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈.၄.၂၀၁၆ ရက်နေ့နှင့် ၂၉.၄.၂၀၁၆ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မူကြမ်း**

(က) ဥပဒေကြမ်း၏ ခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)

၁၃၇၈ ခုနှစ်၊   လ   ရက်

( ၂၀၁၆ ခုနှစ်၊   လ   ရက် )

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့်စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) မူလဥပဒေ၏ ပုဒ်မ ၈၉ ပုဒ်မခွဲ(ခ)ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက် အဆိုတင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၅-၂၀၁၆ ရက်နေ့ (သောကြာနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံသို့ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖိတ်ခေါ်ပါတယ်။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကိုယ်စား အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ မူလပြဋ္ဌာန်းချက် ပုဒ်မ ၈၉၊ အထွေထွေ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်သက်တမ်းရဲ့ ပထမနှစ်မှာ ကျွန်တော်တို့ ကန့်ကွက်လွှာများ စစ်ဆေးနေရခြင်း၊ ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းရခြင်း၊ ပဉ္စမနှစ်မှာလည်းပဲ အထွေထွေရွေးကောက်ပွဲ အတွက် ကြိုတင်ပြင်ဆင်ရတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် ဒီလိုရည်ရွယ်ချက်နဲ့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်

ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ဆက်လက်ဆွေးနွေးဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဦးအောင်စိန် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ၊ တာဝန်ပေးချက်အရ ကျွန်တော်က ဖတ်ကြားတင်သွင်း ပါမယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ ပသ (ကမတ-ဥပဒေကြမ်း)၁/၂၀၁၆- ၈၉

ရက်စွဲ ၊၂၀၁၆ ခုနှစ်၊ မေ လ ၂ ရက်

သို့

ဥက္ကဋ္ဌ

**မူကြမ်း**

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၈-၄-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၁၃၀)/ပထစ-၂၀၁၆

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကတင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်ရုံးက ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို အထွေထွေ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်တွင် ယခင် အထွေထွေ ရွေးကောက်ပွဲမှ ကန့်ကွက်လွှာများကို စစ်ဆေးနေရခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရခြင်းနှင့် ပဥ္စမနှစ်တွင် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်း တို့ကြောင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို ပြင်ဆင်ရေးဆွဲတင်ပြလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည်၂၈-၄-၂၀၁၆ ရက်နေ့နှင့် ၂၉-၄-၂၀၁၆ ရက်နေ့များ၌ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၄-၂၀၁၆ ရက်နေ့နှင့် ၂၉-၄-၂၀၁၆ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်

ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေကြမ်း၏ ခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြား သည့်နေ့မှစ၍ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) မူလဥပဒေ၏ ပုဒ်မ ၈၉ ပုဒ်မခွဲ(ခ)ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၅-၂၀၁၆ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်းကြေညာပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသ ကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အား ဖိတ်ခေါ်ပါတယ်။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရဲ့ကိုယ်စား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်း တင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ မူလပြဋ္ဌာန်းချက်ပုဒ်မ ၈၉ ပြင်ဆင်ရခြင်းဟာ ကျွန်တော်တို့ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်းရဲ့ ပထမနှစ်မှာ ယခင် အထွေထွေ ရွေးကောက်ပွဲက ကန့်ကွက်လွှာ ခုံရုံးအမှုတွေစစ်ဆေးနေရခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်း ရခြင်းနှင့် ပဉ္စမနှစ်အတွက် အထွေထွေရွေးကောက်ပွဲ အတွက် ကြိုတင်ပြင်ဆင်မှု

တွေ လုပ်ငန်းများ ဆောင်ရွက်ရန်ရှိတဲ့အတွက်ကြောင့်မို့လို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ဆက်လက်ဆွေးနွေး ဆောင်ရွက်ပေးပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယနေ့ ပြည်သူ့လွှတ်တော်သို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် အပေါင်း မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ပထမဆုမွန်ကောင်းတောင်း မေတ္တာပို့သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးပါထန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တွေ့ရှိချက်အစီရင်ခံစာ ဖတ်ကြားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၆- ၉၀

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း

ရည်ညွှန်းချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၈-၄-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၃၀)/ ပထစ- ၂၀၁၆

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို အထွေထွေရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်တွင် ယခင် အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာများကို စစ်ဆေးနေရခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရခြင်းနှင့် ပဉ္စမနှစ်တွင် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်းတို့ကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မူကြမ်း

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၄-၂၀၁၆ရက်နေ့နှင့် ၂၉-၄-၂၀၁၆ ရက်နေ့များ၌ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၄-၂၀၁၆ ရက်နေ့နှင့် ၂၉-၄-၂၀၁၆ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေကြမ်း၏ ခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်

**မူကြမ်း**

လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) မူလဥပဒေ၏ ပုဒ်မ ၈၉ ပုဒ်မခွဲ(ခ)ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၅။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၅-၂၀၁၆ (သောကြာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံသို့ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

မှုကြမ်း

**အချိန်၊ ၁၁:၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁:၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**